STATISTICAL BULLETIN

# ပြည်သူ့လွှတ်တော်ရုံး
# သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

# COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ကမ္ဘာနှင့်မြန်မာတွင် COVID-19 ကပ်ရောဂါဖြစ်ပွားမှုအခြေအနေ Data အချက်အလက်များကို Statistical Bulletin စာတမ်းတိုအဖြစ် တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိရာ ယခုစာစောင်သည် နဝမမြောက်စာတမ်းတိုဖြစ်ပါသည်။ ၎င်းစာတမ်းတိုတွင် ၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ အချက်အလက်များအား ဖော်ပြထားပါသည်။ အချို့အချက်အလက်များအား Data ရရှိမှုပေါ်မူတည်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

ယခုစာတမ်းတို၌ မြန်မာနိုင်ငံတွင် COVID-19 ပြန်လည်ဖြစ်ပွားနေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း (၃) နိုင်ငံတွင် ဖြစ်ပွားမှုအပါအဝင် အာဆီယံနိုင်ငံ (၁၀) နိုင်ငံတွင် ဖြစ်ပွားမှုအခြေအနေ၊ COVID-19 အဖြစ်အများဆုံး (၁၀) နိုင်ငံ၏ အတက်အကျအပြောင်းအလဲ၊ ရောဂါပြန်လည်ဖြစ်ပွားလာမှုနှင့် ကင်းစင်လာသောနိုင်ငံများ၏အခြေအနေများအား တင်ပြထားပါသည်။

**Statistical Bulletin အမှတ်စဉ် - (၂၆)**

**ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | မြန်မာနိုင်ငံ၏ခာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုအခြေအနေ (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ) | ၄ |
| ၃။ | မြန်မာနိုင်ငံ၏နေ့အလိုက်ခာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုရာခိုင်နှုန်း (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ) | ၅ |
| ၄။ | မြန်မာနိုင်ငံ၏နေ့အလိုက်ပိုးတွေ့ရှိမှုနှင့်သေဆုံးမှုရာခိုင်နှုန်း (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ) | ၆ |
| ၅။ | မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ရောဂါပိုးတွေ့ရှိမှုအခြေအနေ | ၇ |
| ၆။ | မြန်မာနိုင်ငံ၏ပိုးတွေ့ရှိမှုရာခိုင်နှုန်း (၂၃-၁၂-၂၀၂၀ ရက်နေ့အထိ) | ၈ |
| ၇။ | မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှုအခြေအနေ | ၉ |
| ၈။ | အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ထိ) | ၁၀ |
| ၉။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ | ၁၁ |
| ၁၀။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ) | ၁၂ |
| ၁၁။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်သေဆုံးမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ) | ၁၃ |
| ၁၂။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ | ၁၄ |
| ၁၃။ | ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၀-၁၂-၂၀၂၀ ထိ) | ၁၅ |
| ၁၄။ | ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ) | ၁၆ |
| ၁၅။ | ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများ(စတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ထိ) | ၁၇ |
| ၁၆။ | နိဂုံး | ၁၈ |

**နိဒါန်း**

COVID-19 ရောဂါကူးစက်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြင့် ဆက်လက်ကူးစက်ပျံ့နှံ့နေဆဲဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တရုတ်နိုင်ငံ အလယ်ပိုင်းဝူဟန်မြို့တွင်အစပြုခဲ့သော ကိုရိုနာဗိုင်းရပ်ရောဂါဖြစ်ပွားမှုအား ၃၀-၁-၂၀၂၀ ရက်နေ့တွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency Concern) အဖြစ်လည်းကောင်း၊ ၂၇-၂-၂၀၂၀ ရက်နေ့တွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုနှုန်းအပေါ်မူတည်၍ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အလွန်မြင့်မားကြောင်း (Very High) အဖြစ်လည်းကောင်း၊ ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပါသည်။


မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ ဓာတ်ခွဲအတည်ပြုလူနာ (၂) ဦး စတင်တွေ့ရှိခဲ့ရာမှစ၍ ၂၃-၁၂-၂၀၂၀ ရက်နေ့ထိ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၁၈,၈၆၉) ဦး၊ ပြန်လည်ကောင်းမွန်လာသူ (၉၉,၃၂၅) ဦးနှင့် သေဆုံးသူ (၂,၅၀၇) ဦးရှိကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံး COVID-19 ရောဂါဖြစ်ပွားမှုအဆင့် ၆၉ တွင်ရှိပြီး အာရှတွင်ရောဂါဖြစ်ပွားမှုအဆင့် ၂၄ တွင်ရှိပါသည်။

ယူကေတွင် ကူးစက်မှုနှုန်းမြန်သော ဗိုင်းရပ်စ်မျိုးကွဲသစ်တစ်ခုကို ယူကေ အရှေ့တောင်ပိုင်း အလယ်တန်းကျောင်းမှ စတင်ကူးစက်ခဲ့ပြီး အမြင့်ဆုံး Lockdown ဖြစ်သည့် Tier 3 အဆင့်ကို ချက်ချင်းချမှတ်လိုက်ပါသည်။ ထို့အတူ ဒိန်းမတ်၊ နယ်သာလန်နှင့် ဩစတြေးလျတို့တွင်လည်း ယူကေကလာသောဗိုင်းရပ်စ်အမျိုးအစားကို တွေ့ရှိရကြောင်း ဗီဇမျိုးကွဲတွေအကြောင်း စောင့်ကြည့်နေသည့် Nextstrain ၏အချက်အလက်များတွင် ဖော်ပြထားပါသည်။ ထို့ပြင် တောင်အာဖရိကနိုင်ငံတွင်လည်း 501.V2 ဟုခေါ်သည့် ဗိုင်းရပ်စ်မျိုးကွဲကို ကွာဇူလူ-နက်တယ် သုတေသနအဖွဲ့က ဦးဆောင်သော မျိုးဗီဇသုတေသနအဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပါသည်။ ၎င်းဗိုင်းရပ်စ်မျိုးကွဲသစ်များသည် ပို၍မြန်မြန်ပျံ့နှံ့လွယ်ပြီး လူငယ်များတွင် ပိုမိုကူးစက်ခံရကြောင်း တွေ့ရှိရသည်ဟု ဆိုပါသည်။ [1]

[1] https://www.bbc.com/burmese/world-55400310

**မြန်မာနိုင်ငံ၏ဓာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုအခြေအနေ (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ)**

၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏ဓာတ်ခွဲစစ်ဆေးမှုနှင့်ပိုးတွေ့ရှိမှုအခြေအနေကို Line Chart ဖြင့် တင်ပြထားပါသည်-





Source: Ministry of Health and Sports (Myanmar)

၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှုကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် (၁,၇၃၁) ဦးဖြင့် ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ခဲ့သည်ကို တွေ့ရှိရပြီး ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်းတွင် ပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ပျမ်းမျှ ၆ ရာခိုင်နှုန်းရှိပါသည်။ COVID-19 ရောဂါပိုး ရှိ/ မရှိ အချိန်တိုအတွင်း စစ်ဆေးပေးနိုင်သည့် Standard Q COVID-19 Antigen (RDT) Test ဖြင့် ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ စစ်ဆေးလျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏နေ့အလိုက်ဓာတ်ခွဲစစ်ဆေးမှုနှင့် ပိုးတွေ့ရှိမှုရာခိုင်နှုန်း (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ)**

၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏နေ့အလိုက် ဓာတ်ခွဲစစ်ဆေးမှုနှင့် ပိုးတွေ့ရှိမှုရာခိုင်နှုန်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

**မြန်မာနိုင်ငံ၏နေ့အလိုက်ဓာတ်ခွဲစစ်ဆေးမှုနှင့် ပိုးတွေ့ရှိမှုရာခိုင်နှုန်း (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ)**





Source: Ministry of Health and Sports (Myanmar)

## မြန်မာနိုင်ငံ၏ နေ့အလိုက်ပိုးတွေ့ရှိမှုနှင့် သေဆုံးမှုရာခိုင်နှုန်း (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ)

၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏နေ့အလိုက်ပိုးတွေ့ရှိမှုနှင့် သေဆုံးမှုရာခိုင်နှုန်းကို အောက်ပါအတိုင်း တင်ပြထားပါသည်-

မြန်မာနိုင်ငံ၏နေ့အလိုက်ပိုးတွေ့ရှိမှုနှင့် သေဆုံးမှုရာခိုင်နှုန်း (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ)




Source: Ministry of Health and Sports (Myanmar)

**မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ရောဂါပိုးတွေ့ရှိမှုအခြေအနေ (၂၃-၃-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ အထိ)**

၂၃-၃-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရောဂါပိုးတွေ့ရှိမှုအားလုံး၏ရာခိုင်နှုန်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပိုးတွေ့သူ ဦးရေ | ပိုးတွေ့သူအားလုံး၏ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၈၀,၇၈၆ | ၆၈ % |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ၁၂,၃၄၁ | ၁၀ % |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ၇,၂၃၂ | ၆ % |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄,၃၆၇ | ၄ % |
| ၅။ | ရခိုင်ပြည်နယ် | ၄,၁၀၆ | ၃.၅ % |
| ၆။ | မကွေးတိုင်းဒေသကြီး | ၂,၅၅၈ | ၂ % |
| ၇။ | မွန်ပြည်နယ် | ၂,၁၈၆ | ၂ % |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁,၆၄၇ | ၁ % |
| ၉။ | ကရင်ပြည်နယ် | ၁,၀၁၈ | ၀.၉ % |
| ၁၀။ | ရှမ်းပြည်နယ် | ၇၁၃ | ၀.၆ % |
| ၁၁။ | နေပြည်တော် | ၆၆၁ | ၀.၆ % |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ၅၁၆ | ၀.၄ % |
| ၁၃။ | ကချင်ပြည်နယ် | ၅၀၈ | ၀.၄ % |
| ၁၄။ | ချင်းပြည်နယ် | ၁၉၄ | ၀.၂ % |
| ၁၅။ | ကယားပြည်နယ် | ၃၆ | ၀.၀၃ % |
| **စုစုပေါင်း** | | **၁၁၈,၈၆၉** | **၁၀၀ %** |

**မြန်မာနိုင်ငံ၏ပိုးတွေ့ရှိမှုရာခိုင်နှုန်း**

၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂၂-၁၁-၂၀၂၀ ရက်နေ့အထိနှင့် ၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့ထိ မြန်မာနိုင်ငံ၏ပိုးတွေ့ရှိမှုရာခိုင်နှုန်းကို အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြထားပါသည်-

| ၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂၂-၁၁-၂၀၂၀ ရက်နေ့အထိ | | ၂၃-၁၁-၂၀၂၀ ရက်နေ့မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ | |
|---|---|---|---|
| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ၄၆၆,၇၉၀ ဦး | ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ၆၄၂,၉၉၁ |
| ပိုးတွေ့ရှိသူ | ၃၉,၅၅၀ ဦး | ပိုးတွေ့ရှိသူ | ၃၉,၆၂၃ |
| သေဆုံးသူ | ၇၆၇ ဦး | သေဆုံးသူ | ၇၆၈ |
| ပိုးတွေ့ရှိသူများတွင် သေဆုံးမှုရာခိုင်နှုန်း | ၁.၉ % | ပိုးတွေ့ရှိသူများတွင် သေဆုံးမှုရာခိုင်နှုန်း | ၁.၉ % |
| တစ်ရက်ပျမ်းမျှပိုးတွေ့မှု | ၁,၂၃၆ ဦး | တစ်ရက်ပျမ်းမျှပိုးတွေ့မှု | ၁,၃၂၁ ဦး |
| တစ်နိုင်ငံလုံးဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်းတွင်ပိုးတွေ့ရှိမှုရာခိုင်နှုန်း | ၈.၅ % | တစ်နိုင်ငံလုံးဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်းတွင်ပိုးတွေ့ရှိမှုရာခိုင်နှုန်း | ၆ % [2] |

[2] COVID-19 ရောဂါဖြစ်ပွားမှုခြုံငုံသုံးသပ်မှုအခြေအနေ (၁၇-၈-၂၀၂၀ ရက်နေ့) နှင့် COVID-19 ရောဂါဖြစ်ပွားမှုခြုံငုံသုံးသပ်မှုအခြေအနေ (၂၁-၁၀-၂၀၂၀ ရက်နေ့) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရရှိပါသည်။

**မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှု**

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှုအခြေအနေများကို Bar Chart ဖြင့်ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားမှုအရေအတွက် | သေဆုံးမှုအရေအတွက် |
|---|---|---|---|
| ၁။ | အိန္ဒိယ | ၁၀,၀၉၉,၃၀၈ | ၁၄၆,၄၇၆ |
| ၂။ | ဘင်္ဂလားဒေ့ရှ် | ၅၀၃,၅၀၁ | ၇,၃၂၉ |
| ၃။ | တရုတ် | ၈၆,၈၈၂ | ၄,၆၃၄ |

အိန္ဒိယနိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၂
အာရှတွင်ကူးစက်မှုအဆင့် = ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၂၇
အာရှတွင်ကူးစက်မှုအဆင့် = ၆

တရုတ်နိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၈၀
အာရှတွင်ကူးစက်မှုအဆင့် = ၂၇ [3]


မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ကူးစက်မှုဆက်လက်မြင့်တက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ကူးစက်မှုလျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။

[3] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Bar Chart ဖြင့် ဖော်ပြထားပါသည်-

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအခြေအနေ**





Source: https://www.worldometers.info/coronavirus/

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ရက်နေ့ထိ အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို လေ့လာကြည့်ခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်နေသည်ကိုတွေ့ရှိရပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် သေဆုံးမှုမရှိကြောင်းတွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၃–၁၂–၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေကို ဖော်ပြပါ bar Chart ဖြင့် တင်ပြထားပါသည်–

**ကမ္ဘာတစ်ဝန်းတွင် COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ**
**(စတင်ဖြစ်ပွားချိန်မှ ၂၃–၁၂–၂၀၂၀ ထိ)**




**Source: https://www.worldometers.info/coronavirus/**

ကမ္ဘာတစ်ဝန်းဆေးရုံတက်၍ကုသနေသူများတွင်

- ➢ မပြင်းထန်သောအခြေအနေ = ၉၉.၅ %
- ➢ ပြင်းထန်သောအခြေအနေ = ၀.၅ %


ကမ္ဘာတစ်ဝန်းဆေးရုံဆင်းသူများတွင်

- ➢ ပြန်လည်ကောင်းမွန်၍ဆေးရုံဆင်းသူ = ၉၇ %
- ➢ သေဆုံးသူ = ၃ %

## ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေ (၁–၁–၂၀၂၀ မှ ၂၃–၁၂–၂၀၂၀ ထိ)

ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေကို Line Chart ဖြင့်တင်ပြထားပါသည်–

**ကမ္ဘာတစ်ဝန်း COVID–19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေ**





**https://ourworldindata.org/coronavirus-data**

၁–၁–၂၀၂၀ ရက်နေ့မှ ၂၃–၁၂–၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုကိုလေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ကူးစက်သူဦးရေ ၁.၄၉ မီလီယံထိရှိကြောင်း တွေ့ရှိရပါသည်။

**ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်သေဆုံးမှုအခြေအနေ (၁–၁–၂၀၂၀ မှ ၂၃–၁၂–၂၀၂၀ ထိ)**

ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုအခြေအနေကို Line Chart ဖြင့်တင်ပြထားပါသည်–

**ကမ္ဘာတစ်ဝန်း COVID-19 နေ့စဉ်သေဆုံးမှုအခြေအနေ**





**https://ourworldindata.org/coronavirus-data**

၁–၁–၂၀၂၀ ရက်နေ့မှ ၂၃–၁၂–၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်သေဆုံးမှုကိုလေ့လာကြည့်ပါက နေ့စဉ်မြင့်တက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အခြေအနေကို Bar Chart ဖြင့်တင်ပြထားပါသည်-

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါ ဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ




Source: https://www.worldometers.info/coronavirus/


ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံအနက် **အမေရိကန်နိုင်ငံ**သည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ အဆိုးရွားဆုံးခံစားနေရသည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်နေဆဲဖြစ်သည်ကိုတွေ့ရှိရပါသည်။

ယခင်အပတ်ထုတ်ဝေခဲ့သော ၂၂-၁၁-၂၀၂၀ ရက်နေ့ထိ ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံစာရင်းတွင် **အာဂျင်တီးနားနိုင်ငံနှင့် ကိုလမ်ဘီယာနိုင်ငံတို့** ပါဝင်ခဲ့ပါသည်။ ၂၃-၁၂-၂၀၂၀ ရက်နေ့ထိ ရောဂါဖြစ်ပွားမှု အများဆုံး (၁၀) နိုင်ငံစာရင်းတွင် **တူရကီနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့** ပါဝင်လာပြီး **အာဂျင်တီးနားနိုင်ငံနှင့်ကိုလမ်ဘီယာနိုင်ငံတို့** ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၂၀-၁၂-၂၀၂၀ ထိ)**

ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Bar Chart ဖြင့် တင်ပြထားပါသည်-


**ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ**





Source: World Health Organization, https://www.mohs.gov.mm/Main/content/publication/2019-ncov

ကမ္ဘာ့ဒေသများအနက် ဥရောပဒေသတွင် ကူးစက်မှုစံချိန်တင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကူးစက်မှုများ တစ်ဟုန်ထိုးမြင့်တက်နေခြင်းကြောင့် ဥရောပဒေသရှိ စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဗြိတိန်နှင့် ဘယ်လ်ဂျီယံနိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် တစ်လကျော်ကြာမြင့်သော lockdown စီမံဆောင်ရွက်ချက်များ၊ အရေးပေါ်အခြေအနေများ၊ ညမထွက်ရအမိန့်များကဲ့သို့ စည်းမျဉ်းကန့်သတ်ချက်များ ထုတ်ပြန်ကြေညာပြီး ကူးစက်မှုထိန်းချုပ်ရေး ကြိုးပမ်းဆောင်ရွက်နေကြပါသည်။

**ကမ္ဘာ့ဒေသအလိုက်ရောဂါဖြစ်ပွားမှုရာခိုင်နှုန်း**




**ကမ္ဘာ့ဒေသအလိုက်သေဆုံးမှုရာခိုင်နှုန်း**



**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ (၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ထိ)**

၂၃-၁၁-၂၀၂၀ မှ ၂၃-၁၂-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ၏ဖြစ်ပွားမှုအခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ပြန်လည်ဖြစ်ပွားလာခြင်းအရေအတွက် | ထပ်မံသေဆုံးမှု |
|---|---|---|---|
| ၁။ | ဗြိတိသျှဗာဂျင်းကျွန်းစု | ၁၅ | - |
| ၂။ | နယူးကယ်လီဒိုးနီးယား | ၆ | - |
| ၃။ | ဂရင်းလန်း | ၇ | -[4] |

ယခင်အဌမမအကြိမ်ထုတ်ဝေသော COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်စာတမ်းတိုတွင် ရောဂါကင်းစင်နိုင်ငံ (၉) နိုင်ငံအနက် ယခုလက်ရှိတွင် အထက်ဖော်ပြပါ (၃) နိုင်ငံမှာ ရောဂါပြန်လည်ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

[4] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများ (စတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ထိ)**

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားရာမှ ပြန်လည်ကင်းစင်လာသည့်နိုင်ငံ (၁၁) နိုင်ငံ၏အခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားသူ | သေဆုံးသူ | ပြန်လည်ကောင်းမွန်သူ |
|---|---|---|---|---|
| ၁။ | Diamond Princess | ၇၁၂ | ၁၃ | ၆၉၉ |
| ၂။ | ဘရူနိုင်း | ၁၅၂ | ၃ | ၁၄၉ |
| ၃။ | ဖီဂျီ | ၄၆ | ၂ | ၄၄ |
| ၄။ | မကာအို | ၄၆ | - | ၄၆ |
| ၅။ | တီမော | ၃၁ | - | ၃၁ |
| ၆။ | စိန့်ပီယာရီနှင့်မီကွီလွန် | ၁၄ | - | ၁၄ |
| ၇။ | မွန်ဆာရတ် | ၁၃ | ၁ | ၁၂ |
| ၈။ | အန်ဂွီလာ | ၁၀ | - | ၁၀ |
| ၉။ | MS Zaandam | ၉ | ၂ | ၇ |
| ၁၀။ | ဆမိုးအား (Samoa) | ၂ | - | ၂ |
| ၁၁၊ | ဗနွားတူ (Vanuatu) | ၁ | - | ၁ [5] |

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၂၃-၁၂-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားရာမှ ပြန်လည်ကင်းစင်လာသည့်နိုင်ငံ (၁၁) နိုင်ငံရှိသည်ကိုတွေ့ရှိရပါသည်။ ယင်း (၁၁) နိုင်ငံတွင် ယခင်အဋ္ဌမအကြိမ်ထုတ်ဝေသောစာတမ်းတိုမှ (၆) နိုင်ငံပါဝင်ပြီး (၅) နိုင်ငံမှာ ယခုအပတ်အတွင်း နောက်ထပ်ရောဂါကင်းစင်လာသောနိုင်ငံများဖြစ်ပါသည်။ ယခုအပတ်အတွင်း ရောဂါကင်းစင်စာရင်းဝင်သောနိုင်ငံ (၅) နိုင်ငံမှာ Diamond Princess ၊ စိန့်ပီယာရီနှင့်မီကွီလွန် ၊ MS Zaandam ၊ ဆမိုးအား (Samoa) နှင့် ဗနွားတူ (Vanuatu)တို့ ဖြစ်ပါသည်။

[5] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**နိဂုံး**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေ့စဉ်နှင့်အမျှ ပိုမိုဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မျိုးရိုးဗီဇအသစ်ပြောင်းလဲမှုနှင့် မျိုးစိတ်အသစ်တစ်ခုတွေ့ရှိမှုနှင့်အတူ ကူးစက်မှုနှုန်းမှာ မြင့်တက်နေဆဲဖြစ်ပြီး ကမ္ဘာသူကမ္ဘာသားများ၏ လူမှုစီးပွားဘဝထိခိုက်နစ်နာမှုများ၊ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုအခြေအနေအရပ်ရပ်တို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်မြန်မာနိုင်ငံအပါအဝင် အဖွဲ့အစည်းများစွာတို့၏စောင့်ကြည့်လေ့လာမှုတို့ကို စုစည်းတင်ပြအပ်ပါသည်။ (COVID–19 ရောဂါ ဖြစ်ပွားမှုအခြေအနေများကို ဆက်လက်၍ ပြုစုရေးသားထုတ်ဝေသွားမည်ဖြစ်ပါသည်။)

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်မေဇင်အောင် (ဒု-ဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com